| | ၄ | ကာကွယ်ရေး | | ၃၅၇,၅၅၄.၆၇၀ | -၃၅၇,၅၅၄.၆၇၀ | | ၅၅,၁၀၉.၆၈၀ | -၅၅,၁၀၉.၆၈၀ | | ၁၅.၄၁% |
| | ၅ | နယ်စပ်ရေးရာ | | ၂၀,၈၀၆.၄၈၃ | -၂၀,၈၀၆.၄၈၃ | | ၁၈,၄၁၇.၆၈၂ | -၁၈,၄၁၇.၆၈၂ | | ၈၄.၄၆% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၂၅.၀၂၇ | -၂၅.၀၂၇ | | ၁၀.၄၉၂ | -၁၀.၄၉၂ | | ၄၁.၉၂% |
| | ၇ | ပြန်ကြားရေး | ၁၄,၆၉၃.၈၃၃ | ၁,၀၀၃.၅၇၇ | +၁၃,၆၉၀.၂၉၆ | ၆.၃၀၀ | ၈၁၅.၉၀၁ | -၈၀၉.၆၀၁ | ၀.၀၄% | ၈၁.၃၀% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၀,၁၄၇.၆၉၆ | ၃,၆၁၈.၁၄၁ | +၆,၅၂၉.၅၅၅ | | ၁,၂၉၄.၅၈၆ | -၁,၂၉၄.၅၈၆ | | ၃၅.၇၈% |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၃,၄၄၁.၅၂၄ | ၁၃၇,၁၅၁.၃၅၈ | -၁၂၃,၇၀၉.၈၃၄ | ၅,၂၅၀.၀၈၇ | ၆၉,၀၅၈.၂၁၄ | -၆၃,၈၀၈.၁၂၇ | ၃၉.၀၆% | ၅၀.၃၅% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉၆၂.၇၇၁ | ၅၂,၇၀၉.၁၅၅ | -၅၁,၇၄၆.၃၈၄ | | ၄၄,၄၂၄.၅၈၅ | -၄၄,၄၂၄.၅၈၅ | | ၈၄.၂၈% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃,၅၁၉.၇၀၂ | ၉,၄၃၉.၈၃၂ | -၅,၈၈၀.၁၃၀ | ၁,၈၉၄.၃၉၇ | ၅,၉၉၇.၃၇၈ | -၄,၁၀၂.၉၈၁ | ၅၃.၂၂% | ၆၃.၅၃% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | | ၁၃၄,၂၇၀.၃၀၇ | -၁၃၄,၂၇၀.၃၀၇ | | ၄၅,၃၂၈.၇၀၀ | -၄၅,၃၂၈.၇၀၀ | | ၃၃.၇၆% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | ၅၀၁.၉၁၆ | -၅၀၁.၉၁၆ | ၁.၃၇၀ | ၃၅.၃၁၈ | -၃၃.၉၄၈ | | ၇.၀၄% |
| | ၁၅ | စက်မှု | | ၁,၃၅၄.၁၇၆ | -၁,၃၅၄.၁၇၆ | | ၉၀၉.၁၂၀ | -၉၀၉.၁၂၀ | | ၆၇.၁၃% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | | ၆၅၂.၂၀၁ | -၆၅၂.၂၀၁ | ၇၉.၉၀၆ | ၅၄.၈၀၅ | +၂၅.၁၀၁ | | ၈.၄၀% |
| | ၁၇ | ပညာရေး | ၅,၄၉၆.၂၅၉ | ၂၅,၉၅၇.၄၃၂ | -၂၀,၄၆၁.၁၇၃ | ၅၂၉.၉၅၂ | ၆,၄၀၄.၃၉၆ | -၅,၈၇၄.၄၄၄ | ၉.၆၄% | ၂၄.၆၇% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | | ၄၄,၅၁၈.၃၂၀ | -၄၄,၅၁၈.၃၂၀ | ၁၆.၆၅၀ | ၁၂,၈၀၃.၃၅၀ | -၁၂,၇၈၆.၇၀၀ | | ၂၈.၇၆% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၈၀၅.၀၈၀ | ၉,၀၁၆.၇၅၇ | -၅,၂၁၁.၆၇၇ | ၃,၇၃၈.၅၈၂ | ၂,၆၆၉.၉၁၄ | +၁,၀၆၈.၆၆၈ | ၉၈.၂၅% | ၂၉.၆၁% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | | | | | | | | |
| | ၂၀ | ဆောက်လုပ်ရေး | ၉,၁၅၇.၉၈၈ | ၁၅၆,၀၈၃.၆၀၆ | -၁၄၆,၉၂၅.၆၁၈ | ၇,၅၃၆.၆၇၉ | ၅၀,၉၉၆.၃၆၄ | -၄၃,၄၅၉.၆၈၅ | ၈၂.၃၀% | ၃၂.၆၇% |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | ၇၇.၈၈၂ | -၇၇.၈၈၂ | | ၇၃.၂၈၂ | -၇၃.၂၈၂ | | ၉၄.၀၉% |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၆.၃၂၀ | ၆၆.၂၆၈ | -၄၉.၉၄၈ | ၀.၂၃၀ | ၇၅.၂၄၇ | -၇၅.၀၁၇ | ၁.၄၁% | ၁၁၃.၅၅% |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁.၁၇၅ | -၁.၁၇၅ | ၀.၁၇၀ | ၅.၉၁၁ | -၅.၇၄၁ | | ၅၀၃.၀၆% |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၆၁,၉၄၇.၃၀၁ | ၉၇၂,၁၀၃.၁၂၅ | -၉၁၀,၁၅၅.၈၂၄ | ၁၉,၈၂၀.၃၃၅ | ၃၁၇,၉၈၇.၅၅၇ | -၂၉၈,၁၆၇.၂၂၂ | ၃၂.၀၀% | ၃၂.၇၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ) ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

### (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | | | | | | | | |
| | ၄ | ကာကွယ်ရေး | | ၃,၁၉၇.၆၇၀ | -၃,၁၉၇.၆၇၀ | | ၅.၃၈၃.၇၇၅ | -၅.၃၈၃.၇၇၅ | | ၁၈၀.၈၇% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | | | | | | | |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၁၆,၃၈၄.၃၄၅ | ၃၁၂.၄၃၇ | +၁၁၆,၀၇၁.၉၀၈ | ၆၇,၈၂၃.၇၇၂ | ၄၉.၂၀၄ | +၆၇,၇၇၄.၅၆၈ | ၅၈.၂၈% | ၁၅.၇၅% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉,၆၇၂.၄၀၀ | | +၉,၆၇၂.၄၀၀ | ၅,၀၁၇.၈၇၉ | | +၅,၀၁၇.၈၇၉ | ၅၁.၈၈% | |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၅.၂၀၀ | | +၅.၂၀၀ | ၃၀.၀၀၀ | | +၃၀.၀၀၀ | ၅၇၆.၉၂% | |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၂,၆၂၉.၀၈၉ | ၄,၄၇၇.၀၇၉ | -၁,၈၄၇.၉၉၀ | ၁၄,၁၇၇.၀၅၁ | ၄,၄၇၅.၅၇၅ | +၉,၇၀၁.၄၇၆ | ၅၃၉.၂၄% | ၉၉.၉၇% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | | | | | | | |
| | ၁၅ | စက်မှု | ၁,၃၄၅.၃၀၇ | | +၁,၃၄၅.၃၀၇ | ၉၀၉.၁၂၁ | | +၉၀၉.၁၂၁ | ၆၇.၅၈% | |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁.၃၀၀ | | +၁.၃၀၀ | | | | | |
| | ၁၇ | ပညာရေး | ၁၄,၀၀၅.၇၂၄ | | +၁၄,၀၀၅.၇၂၄ | ၀.၈၀၉ | | +၀.၈၀၉ | ၀.၀၁% | |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၁,၀၀၀.၀၀၀ | | +၁,၀၀၀.၀၀၀ | ၂,၃၂၃.၉၀၉ | | +၂,၃၂၃.၉၀၉ | ၂၃၂.၃၉% | |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၇,၉၂၆.၈၁၃ | ၃၄,၂၀၅.၀၂၇ | -၁၆,၂၇၈.၂၁၄ | ၂၂,၆၀၃.၄၉၈ | ၄၃,၁၃၆.၅၆၆ | -၂၀,၅၃၃.၀၆၈ | ၁၂၆.၀၉% | ၁၂၆.၂၃% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | | | | | | | | |
| | ၂၀ | ဆောက်လုပ်ရေး | ၇၃,၈၈၅.၇၆၉ | | +၇၃,၈၈၅.၇၆၉ | ၆,၇၆၇.၆၆၉ | | +၆,၇၆၇.၆၆၉ | ၉.၁၆% | |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၂၃၆,၈၅၅.၉၄၇ | ၄၂,၁၉၂.၂၁၃ | +၁၉၄,၆၆၃.၇၃၄ | ၁၂၀,၀၅၇.၇၀၈ | ၅၃,၄၈၅.၁၂၀ | +၆၆,၅၇၂.၅၈၈ | ၅၀.၆၉% | ၁၂၆.၇၇% |

## ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၂,၁၅၉,၇၂၀.၂၇၃ သန်း ဖြစ်ပြီး၊ အကောင် အထည်ဖော်နိုင်မှု ကျပ် ၂,၀၆၈,၂၃၇.၆၀၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၇၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ (၃)လပတ် လျာထားချက် ကျပ် ၃,၀၇၉,၁၁၁.၂၀၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၆၈၉,၆၁၁.၀၂၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၇.၃၅ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** နယ်စပ်ရေးရာဝန်ကြီးဌာနတွင် လပြည့်ဝန်း ပလာဇာ အဆောက်အဦငှားရမ်းခရငွေ အမေရိကန်ဒေါ်လာ လဲလှယ်နှုန်း မြင့်တက်လာခြင်း၊ အိန္ဒိယမှ အကူအညီထောက်ပံ့ငွေရရှိခြင်းနှင့် စာရင်းစစ် ကန့်ကွက်ချက်အရ ပြန်သွင်းငွေများရရှိခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် MRTV နှင့် ဆက်စပ်ရုပ်သံလိုင်းများမှ ပေးသွင်းရန်ကျန်ရှိသည့် ယခင်နှစ် ကြွေးကျန်များ ရရှိခြင်း၊ ပြန်တမ်းနှစ်စဉ်ကြေးများ ကြိုတင်ပေးသွင်းခြင်းနှင့် အဆောက်အဦငှားရမ်းခနှုန်းထားများအားတိုးမြှင့်ခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် အမှုထမ်း(၂)ဦး ရာထူးမှ နုတ်ထွက်ခြင်းကြောင့် ဒဏ်ကြေးငွေရရှိခြင်း၊ ဒီပလိုမာဝင်ခွင့်ပုံစံရောင်းရငွေနှင့် အသုံးပြုနိုင်ခြင်းမရှိသော ဆယ်တင်ပစ္စည်းဟောင်းရောင်းချရငွေများရရှိခြင်း၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် အကောက်စခန်းများတွင် ရေယာဉ်ဖြတ်သန်းမှု များပြားခြင်းကြောင့် ပိုမိုရခြင်း၊ နယ်နိမိတ် ဖြတ်ကျော် ပျံသန်းခ၊ ငှားရမ်းခ၊ ကျောင်းလခရငွေများ ပိုမိုကောက်ခံရရှိခဲ့ခြင်း၊ နှစ်လဲမှတ်ပုံတင်ဆောင်ရွက်သော ယာဉ်စီးရေများပြားလာခြင်း၊ ယာဉ်မောင်းလိုင်စင်စောင်ရေ တိုးတက်များပြားလာခြင်း၊ Operator များထံမှ ထပ်မံတောင်းခံသည့် EGSM Brand လိုင်းနှုန်းအသုံးပြုခများ ထပ်မံရရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (BP/TBP) ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ နိုင်ငံသားကဒ်ပြုလုပ်ခြင်းအခငွေများ၊ ဆိုင်ခန်းငှားရမ်းခရငွေများ၊ အလုပ်နုတ်ထွက်လျော်ကြေးများ ပြန်လည်ပေးသွင်းခြင်း၊ ပြည်ပနိုင်ငံခြားသားများ အများအပြားဝင်ရောက်လာခြင်းနှင့် နိုင်ငံခြားသား မှတ်ပုံတင်ခများ ပိုမိုရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် စက်မှုမှတ်ပုံတင်သက်တမ်းတိုးကြေးရငွေ၊ ဘွိုင်လာစစ်ဆေးခရငွေ၊ ဝင်းသူဇာဆိုင် မြေငှားရမ်းခ

နှင့်အဆောက်အဦ ငှားရမ်းခရငွေများပိုမိုရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် သက်သာဆိုင်ခွန်း ငှားရမ်းခရငွေများ ပိုမိုရရှိခြင်း၊ တဆင့်သယ်ယူဖြတ်သန်းခရငွေများ၊ ကုန်ချကွင်းဖြတ်သန်းခများ၊ ယာဉ်ချိန်တွယ်ခရငွေများ၊ စာရင်းစစ်တွေ့ရှိချက်အရ ပြန်လည်ပေးသွင်းငွေ များပိုမိုရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အမြန်လမ်းပေါ်ရှိ ဆိုင်ခန်းမြေနေရာ ငှားရမ်းခရငွေများ၊ မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေများ၊ လေလံစနစ်ဖြင့်ဆောင်ရွက်သော လမ်းများမှ ကောက်ခံရငွေများ၊ မြေတိုင်းခ၊ မြေပုံ မြေရာဇဝင်ကူးခများနှင့် သီလဝါဆိပ်ကမ်းမှ ရေရောင်းရငွေများရရှိခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင်နိုင်ငံတြိထောက်ခံချက် ပြုလုပ်ပေးရမှုလျော့နည်းခြင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက် ပြုလုပ်ပေးရမှုနည်းပါးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့်အဆောက်အဦငှားရမ်းခရငွေများ လျော့နည်းရရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးရန်ပုံငွေ (CDF) အတွက် ဒိန်းမတ်မှ အကူအညီရရှိမှုလျော့နည်းခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျာထားချက်အတိုင်းမရရှိခြင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် UNICEF နှင့် UNFPA အဖွဲ့အစည်းများမှ ထောက်ပံ့ငွေ ပေးသွင်းမှု လျော့နည်းခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် ဝတ်စုံစရိတ်ထုတ်ယူမှုနည်းပါးခြင်း၊ ပြည်ပသင်တန်းများနှင့်ပြည်ပအစည်းအဝေးများစေလွှတ်တက်ရောက်ရန်လျာထားသော်လည်း မတက်ရောက်ဖြစ်ခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းများ ကို (၃)ကြိမ်ဖွင့်လှစ်ရန် လျာထားသော်လည်း (၂)ကြိမ်သာ ဖွင့်လှစ်ခြင်း၊ ပုံနှိပ်ထုတ်ဝေရေးဦးစီးဌာနတွင် တင်ဒါရရှိသူများမှ ကုန်ကြမ်းများအား အချိန်မီတင်သွင်းနိုင်မှုမရှိသဖြင့် ငွေပေးချေမှုလျော့နည်းခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် BIMSTEC အစည်းအဝေးကျင်းပရက်ပြောင်းရွှေ့သွားခြင်း၊ စက်ကိရိယာများနှင့်အဆောက်အဦ များပြင်ဆင်ရန်အတွက် ခွင့်ပြုချက်များရရှိရန်သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တင်ပြထားဆဲဖြစ်ခြင်း၊ဆော်ဒီအာရေးဗီးယားနိုင်ငံမှ ငွေတောင်းခံလွှာ နောက်ကျခြင်းကြောင့် ဆော်ဒီအာရေးဗီးယားချေးငွေအတွက် အတိုးပေးဆပ်နိုင်မှုမရှိခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များမခန့်ထားနိုင်ခြင်း၊လုပ်ငန်းသုံး ပစ္စည်းများ တင်ဒါဖြင့်ဝယ်ယူရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ Fiber Internet 20MB အား တပ်ဆင်ပေးမှုမရှိသေးခြင်း၊ ရုံးနှင့်ဝန်ထမ်းနေအိမ်များ ပြုပြင်ရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ဝန်ထမ်းများ ပညာပေးသင်တန်းနှင့် ပညာသင်စရိတ်များ လျော့နည်းသုံးစွဲခြင်း၊ အာဆီယံ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲအတွက်စခန်းသွင်းလေ့ကျင့်ရန် လျာထား သည့်ဦးရေအတိုင်း အပြည့်အဝစခန်းသွင်းလေ့ကျင့်နိုင်မှုမရှိခြင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် အစည်းအဝေးများ ကျင်းပမှုလျော့နည်းခြင်း၊ မြေယာရှုခင်း ဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်းခြင်း များအတွက် ခွင့်ပြုမိန့်တောင်းခံဆဲဖြစ်ခြင်း၊ဈေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်း များအတွက်ဈေးငွေရယူနိုင်မှုမရှိခြင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတွင် အသက်(၈၅)နှစ် နှင့်အထက် အဘိုး/အဘွား များအား ထောက်ပံ့ပေးနိုင်ရန် စိစစ်နေဆဲဖြစ်ခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး များတွင် ထောက်ပံ့ငွေလျော့နည်းသုံးစွဲခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံ ဝယ်ယူရန် ဆောင်ရွက်နေဆဲကာလဖြစ်ခြင်း၊ ပညာပေးသင်တန်းအသုံးစရိတ် များ လျော့နည်းသုံးစွဲခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များခန့်ထားနိုင်မှုနည်းပါးခြင်း၊ သုတေသနလုပ်ငန်းများ၊ ပညာပေး ဆွေးနွေးပွဲများ၊ Documentry ပြုလုပ်ခြင်းများနည်းပါးခြင်း၊ တိုင်းရင်းသား (၆၆)မျိုး၏ ပုံပြ၊ ပုံပြင်စာအုပ်များ ရိုက်နှိပ်ခြင်းလုပ်ငန်းနှင့် တိုင်းရင်းသား လူမျိုးများ၏ လေ့လာရေးခရီးစဉ်လုပ်ငန်းများ တင်ပြဆောင်ရွက်ဆဲဖြစ်ခြင်း တို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံး ငွေရင်းရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၆၁,၉၄၇.၃၀၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉,၈၂၀.၃၃၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၃၂.၀၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၉၇၂,၁၀၃.၁၂၅သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၁၇,၉၈၇.၅၅၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၂.၇၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင်ပြည်ပအကူအညီ ရငွေများအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့်လျာထားချက် ထက်ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် ဂျပန်နိုင်ငံမှ ထောက်ပံ့သည့် ရုပ်မြင်နှင့်ရေဒီယိုအစီအစဉ်များ အဆင့်မြှင့်တင်ရန် စက်ပစ္စည်းများအတွက် လျာထားသော်လည်း စက်ပစ္စည်းမရရှိသေးသဖြင့် ပြည်ပအကူအညီရငွေအားစာရင်းမတင်နိုင်ခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ပဒုမ္မာဇာတ်ရုံမြေ ရောင်းချရငွေ ပေးသွင်းရန် ကျန်ငွေကျပ် ၂၀,၀၀၀.၀၀၀ သန်းအား ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)တွင် အပြီးသတ်ပေးသွင်းခဲ့ပြီးဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရငွေလျာထားချက်သာပါဝင်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေ ပေးအပ်မည့် အဖွဲ့အစည်းများထံမှ ပြည်ပအကူအညီရငွေများလျော့နည်းရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် ဝမ်ပုံဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်း ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းလုပ်ငန်းမှာ မဲခေါင်မြစ်ရေမြင့်တက်နေပြီး ရေကျဆင်းမှုနည်းပါးခြင်းကြောင့် တိုင်းတာရေးလုပ်ငန်းများမဆောင်ရွက်နိုင်သေးခြင်း၊ မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှာ အောက်တိုဘာလမှသာAgreement လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းကြောင့်မြေယာပိုင်ဆိုင်မှုအထောက်အထားနှင့် မြေယာလျော်ကြေးကိစ္စများ ရှင်းလင်းနိုင်ခြင်းမရှိသေးခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေ မရရှိသေးခြင်း၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် စီမံကိန်းရန်ပုံငွေများလွှဲပို့မှုမရှိသေးခြင်းနှင့် စက်ကိရိယာများမဝယ်ယူဖြစ်ခြင်းကြောင့် ပြည်ပအကူအညီရငွေလျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင်နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်ကျောင်း (၆၀)တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဟောင်းများရောင်းချမှုနည်းပါးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ရေးကော်မတီသို့ ခွင့်ပြုမိန့်တောင်းခံခြင်းနှင့် နိုင်ငံခြားငွေသုံးစွဲခွင့်တောင်းခံနေခြင်း၊ရုံးသုံးစက်ကိရိယာများ၊ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ၊ အခြားခေါင်းစဉ်တွင် ဈေးနှုန်းစုံစမ်းဆဲနှင့် နိုင်ငံခြားငွေသုံးစွဲခွင့်လျှောက်ထားဆဲဖြစ်ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနတွင်တင်ဒါလုပ်ငန်း စိစစ်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် အဆောက်အဦလုပ်ငန်းများနှင့်စက်ပစ္စည်းများဝယ်ယူရေးအတွက် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တင်ဒါခေါ်ယူခြင်းနှင့်

တင်ဒါများစိစစ်ရန် ရန်ကုန်တိုင်းဒေသကြီးသို့ ခွင့်ပြုမိန့်တောင်းခံနေရသဖြင့် သတ်မှတ်ကာလအတွင်း ငွေပေးချေရန်ကျန်ရှိခြင်း၊ လုပ်ငန်းစီမံကိန်းသစ်များ ၁၅% သာ ပြီးစီးသဖြင့် ငွေပေးချေမှုမရှိခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယနိုင်ငံရှိ(ACARE)အဖွဲ့အစည်းမှ ဓါတ်ခွဲခန်း သုံးပစ္စည်းများ ပေးပို့လာမှုမရှိသေးခြင်း၊ AFD နှင့် LIFT အဖွဲ့အစည်းတို့မှ Invoice များ မရရှိသေး၍ ငွေပေးချေနိုင်မှုမရှိခြင်း၊ IFAD ချေးငွေဖြင့် ဆောင်ရွက်မည့် Farm Project တွင် Farmer Field Visit ကွင်းဆင်း လုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်းနှင့် ODA ချေးငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်မှာ ဈေးနှုန်းမြင့်တက်လာ၍ ပြန်လည် စိစစ်နေဆဲဖြစ်ခြင်းနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ လုပ်ငန်းပြီးစီးမှုတင်ပြရာတွင် နှောင့်နှေးကြန့်ကြာ ခြင်းကြောင့် ငွေထုတ်ပေးနိုင်မှုမရှိခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးနှင့် စက်ပစ္စည်းဝယ်ယူခြင်း များအတွက် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ စီမံကိန်းများအတွက်ရန်ပုံငွေလွှဲပို့မှု မရှိသေးခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ပြည်တွင်းကျပ်ငွေများဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသော ဓါတ်အားခွဲရုံများနှင့် ဓါတ်အားလိုင်းပစ္စည်း များကို ကျွမ်းကျင်မှုဆိုင်ရာ စိစစ်ရေးကော်မတီမှ ဒေသပေါက် ဈေးနှုန်းနှင့် မြေပြင်လုပ်ငန်းဆောင်ရွက်မှုများအရ စိစစ်ခဲ့ခြင်း၊ နိုင်ငံခြားမှ ပစ္စည်းများ ဝယ်ယူခြင်းအတွက် နိုင်ငံပိုင်နိုင်ငံခြားသုံးငွေ ခွင့်ပြုမိန့်မရရှိ၍ ငွေပေးချေနိုင်မှု မရှိသေးခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ADB ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Project Management Unit (PMU) မှ သင်တန်း ကျောင်းများအလိုက် လုပ်ငန်းပြီးစီးမှုအရသာပေးချေရခြင်း၊ စက်ကိရိယာများ ဝယ်ယူရာတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက် စုပေါင်းတင်ဒါခေါ်ယူပြီး စိစစ် ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ရန်အတွက် ECC သို့ တင်ပြဆောင်ရွက်နေဆဲဖြစ်ခြင်း၊ စီးပွားရေးနှင့်ကူးသန်းကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနတွင် အချို့ရုံးသုံးပရိဘောဂများ ဝယ်ယူရေးဆောင်ရွက်ဆဲ ဖြစ်ခြင်း၊ ရုံးအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီ ရငွေဖြင့်ပေးချေရမည့် လုပ်ငန်းများအတွက်အသုံးစရိတ် တောင်းခံလာမှုမရှိ ခြင်း၊ဖြည့်စွက်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်းနှင့် အခြားရုံးသုံး ပစ္စည်းများအတွက် အသုံးစရိတ်တောင်းခံလာမှုမရှိခြင်း၊ ကျန်းမာရေးနှင့်

အားကစားဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ပစ္စည်းများ ဝယ်ယူရန် ဆောင်ရွက်ဆဲကာလဖြစ်ပါသဖြင့် မသုံးစွဲနိုင်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အုပ်ချုပ်ရေးဆောင် RC (၁)လုံးဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ စီးပွားရေးသန်းခေါင်စာရင်း အသုံး စရိတ်များအား ထောက်ပံ့ငွေပေးအပ်မည့် အဖွဲ့အစည်းမှ ထောက်ပံ့ငွေ ထည့်ဝင်ခြင်း နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် သုံးစွဲနိုင်မှုမရှိခြင်း၊ PFM Project ၌ FPT ကုမ္ပဏီမှ ဝယ်ယူခဲ့သည့် Mini Data Center စက်ပစ္စည်း ဝယ်ယူခြင်းအတွက် လုပ်ငန်းမပြီးပြတ်သဖြင့် ခန့်မှန်းထားသည့်အတိုင်း ငွေပေးချေနိုင်မှုမရှိခြင်း၊ ရုံးအဆောက်အဦ(၆)လုံး အား အကြီးစားပြင်ဆင်ရန် လျာထားသော်လည်း(၂)လုံးသာ ပြင်ဆင်နိုင်ခဲ့ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနတွင် တင်ဒါခေါ်ယူရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ချေးငွေဖြင့်ဆောင်ရွက်သော လုပ်ငန်းများမှာ လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ တည်ဆောက်ရေးလုပ်ငန်းအချို့မှာ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းနေဆဲ ဖြစ်ခြင်း၊ မြေယာလျော်ကြေးများ ပေးချေရန်အတွက် မြေယာပိုင်ရှင်များနှင့် ညှိနှိုင်းဆဲဖြစ်ခြင်း၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သော Civil Work လုပ်ငန်းများအတွက် ငွေပေးချေရန် စီစဉ်နေဆဲဖြစ်ခြင်းတို့ကြောင့် လျာထားချက် ထက်လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကြွေးမြီရငွေ ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၂၃၆,၈၅၅.၉၄၇သန်းဖြစ်ပြီး၊အကောင် အထည်ဖော်နိုင်မှု ကျပ် ၁၂၀,၀၅၇.၇၀၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၀.၆၉ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက်ကျပ် ၄၂,၁၉၂.၂၁၃ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၃,၄၈၅.၁၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၆.၇၇ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရွှေလီ(၁) ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော ချေးငွေနှင့် ထည့်ဝင်ငွေများအတွက် အရင်းကြိုတင်ဆပ်ငွေရရှိခဲ့ခြင်းနှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုရရှိခဲ့ခြင်း၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနတွင်ADB မှ ချေးငွေလက်ခံရရှိခဲ့ခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနတွင် အိုပက်ချေးငွေအပေါ် နိုင်ငံတော်မှစိုက်ထုတ်ပေးချေခဲ့သည့် အရင်း အတွက်ပြန်ရငွေရရှိခဲ့ခြင်း၊ JICA မှ ချေးယူရငွေအား MADB မှ တစ်ဆင့်

လယ်သမားများသို့ ထုတ်ချေးခြင်းအတွက် ပထမ(၃)လပတ်အတွင်း လယ်သမားများမှ ချေးယူမှုများပြားခဲ့ခြင်းကြောင့် ကြွေးမြီရငွေ ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် Farm Project ၌ လုပ်ငန်းများဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် IFAD ချေးငွေများ လျော့နည်းခြင်း၊ အိန္ဒိယချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Detail Engineering Report ရေးဆွဲပြီးဖြစ်သော်လည်း EXIM Bank of India မှ စိစစ်ဆဲဖြစ်ခြင်း၊ ODA ချေးငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းကုန်ကျစရိတ်မှာ ဈေးနှုန်းမြင့်တက်လာ၍ ပြန်လည်စိစစ်နေဆဲဖြစ်ခြင်းနှင့်ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ လုပ်ငန်းပြီးစီးမှုတင်ပြရာတွင် နှောင့်နှေးခြင်းကြောင့် ငွေထုတ်ပေးနိုင်မှုမရှိခြင်းကြောင့် ချေးယူရငွေလျော့နည်းခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတွင် နိုင်ငံတကာအကြံပေးများ၏လစာငွေတောင်းခံမှုမှာ သတ်မှတ်ရက်ထက်နောက်ကျခြင်း၊ TSR Project အတွက် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ဆဲ ကာလဖြစ်ခြင်းကြောင့် ကြွေးမြီရငွေလျော့နည်းခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ADB ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Project Management Unit(PMU)မှ သင်တန်းကျောင်းများအလိုက် လုပ်ငန်းပြီးစီးမှုအရသာ ပေးချေရခြင်းကြောင့် ချေးယူရငွေလျော့နည်းခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အစုရှယ်ယာနှုန်းထားသတ်မှတ်ခြင်း ပြီးစီးမှုမရှိသေးပါသဖြင့်အမြတ်ဝေစုမရရှိခြင်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သောရေကြီးရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းအတွက် လုပ်ငန်းအချို့မှာ ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ချေးယူရငွေရယူနိုင်မှုမရှိခြင်းတို့ကြောင့် ကြွေးမြီရငွေလျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်မှုဝန်ကြီးဌာနမှ စက်ရုံ(၄)ရုံ၊ အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေ လွှဲပြောင်းမှုအတွက် ပေးဆပ်ရန် အချိန်စေ့ရောက်ခြင်းကြောင့် ပိုမိုရခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Kfw မှ အကူအညီရငွေအား သမဝါယမဘဏ်သို့ ၄၀% ခန့် ထုတ်ချေးပြီးဖြစ်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ဆော်ဒီအာရေးဗီးယားနိုင်ငံမှငွေတောင်းခံလွှာ နောက်ကျခြင်းကြောင့် ဆော်ဒီအာရေးဗီးယားချေးငွေအတွက် အရင်းပေးဆပ်နိုင်မှုမရှိခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၉၅.၇၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၃၂.၀၀ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၅၀.၆၉ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း ရငွေ ရရှိမှုမှာ ၈၉.၈၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၇.၃၅ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၃၂.၇၁ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၂၆.၇၇ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၇၄.၇၈ ရာခိုင်နှုန်းဖြစ်ပါသည်။သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ် လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကိုပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)
ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၈,၅၀၀.၀၀၀ | ၄.၉၉၄.၅၂၁ | +၂၃.၅၀၅.၄၇၉ | ၃၀,၃၄၆.၆၆၈ | ၄,၁၀၄.၇၉၈ | +၂၆,၂၄၁.၈၇၀ | ၁၀၆.၄၈% | ၈၂.၁၉% |
| | | စုစုပေါင်း | ၂၈,၅၀၀.၀၀၀ | ၄.၉၉၄.၅၂၁ | +၂၃.၅၀၅.၄၇၉ | ၃၀,၃၄၆.၆၆၈ | ၄,၁၀၄.၇၉၈ | +၂၆,၂၄၁.၈၇၀ | ၁၀၆.၄၈% | ၈၂.၁၉% |

### ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

### (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၈,၅၀၀.၀၀၀ | ၄,၉၉၀.၆၅၀ | +၂၃,၅၀၉.၃၅၀ | ၃၀,၃၄၆.၆၄၆ | ၄,၁၀၄.၇၉၈ | +၂၆,၂၄၁.၈၄၈ | ၁၀၆.၄၈% | ၈၂.၂၅% |
| | | စုစုပေါင်း | ၂၈,၅၀၀.၀၀၀ | ၄,၉၉၀.၆၅၀ | +၂၃,၅၀၉.၃၅၀ | ၃၀,၃၄၆.၆၄၆ | ၄,၁၀၄.၇၉၈ | +၂၆,၂၄၁.၈၄၈ | ၁၀၆.၄၈% | ၈၂.၂၅% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၃.၈၇၁ | -၃.၈၇၁ | ၀.၀၂၂ | | +၀.၀၂၂ | | |
| | | စုစုပေါင်း | | ၃.၈၇၁ | -၃.၈၇၁ | ၀.၀၂၂ | | +၀.၀၂၂ | | |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၂၈,၅၀၀.၀၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀,၃၄၆.၆၄၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၄၈ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် ပထမ(၃) လပတ်လျာထားချက် ကျပ် ၄,၉၉၀.၆၅၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၁၀၄.၇၉၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၂.၂၅ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျိုးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနများနှင့်အာမခံအလုပ်သမားဦးရေ တိုးတက်လာခြင်း၊ တိုးမြှင့်လာသောလုပ်ခလစာများဖြင့် ထည့်ဝင်ကြေးငွေများ ပေးဆောင်ပါသဖြင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ရုံးချုပ်၊ ရုံးခွဲများ၊ စက်ရုံကြီးများနှင့် ဆေးခန်းများအတွက်လိုအပ်သော ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးယာဉ်များ ပြင်ဆင်ခြင်းတို့အတွက် သုံးစွဲရန် လျာထားသော်လည်း ခွင့်ပြုမိန့်ပေးနိုင်ရန် လိုအပ်သည်များ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်များ ထုတ်ပေးရန် ခန့်မှန်းတွက်ချက်ထားသည့် အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့် အသုံးစရိတ်များဖြစ်ခြင်း၊ အာမခံထားသူများမှတ်ပုံတင်ခြင်းကုန်ကျစရိတ်များအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်နေရပြီး လုပ်ငန်းစတင်နိုင်မှုမရှိခြင်းနှင့် ရုံးခွဲအသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက်မရှိသော်လည်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာကျပ် ၀.၀၂၂သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃.၈၇၁ သန်းဖြစ်သော်လည်း အကောင်အထည်ဖော်နိုင်မှုမရှိပါ။ ငွေလုံးငွေရင်း ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ရုံးသုံးစက်ကိရိယာပစ္စည်းများ ပေးသွင်းရမည့် ရက်လွန်နောက်ကျဒဏ်ကြေးများ ပေးသွင်းခြင်းကြောင့် ရငွေများ ရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ကျပ် ၁၀သန်း အောက်လုပ်ငန်းများ ဖြစ်၍ ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းကြောင့် သုံးစွဲနိုင်မှုမရှိခြင်း။

နောက်ဆက်တွဲ(ဃ)



## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၄၄၆.၈၅၀ | ၂,၇၃၁.၃၁၁ | +၂,၇၁၅.၅၃၉ | ၄,၅၀၁.၆၉၂ | ၂,၂၉၅.၃၆၁ | +၂,၂၀၆.၃၃၁ | ၈၂.၆၅% | ၈၄.၀၄% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၀၇,၆၅၄.၁၀၉ | ၂၅၉,၄၈၅.၁၈၆ | -၅၁,၈၃၁.၀၇၇ | ၁၃၈,၆၀၄.၃၄၆ | ၁၅၀,၁၅၅.၈၁၂ | -၁၁,၅၅၁.၄၆၆ | ၆၆.၇၅% | ၅၇.၈၇% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၀၇,၈၇၀.၄၀၄ | ၇၃,၄၅၅.၄၁၃ | +၃၄,၄၁၄.၉၉၁ | ၈၇,၆၃၂.၅၇၄ | ၇၀,၁၆၅.၆၉၉ | +၁၇,၄၆၆.၈၇၅ | ၈၁.၂၄% | ၉၅.၅၂% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၀၄၁,၂၆၅.၅၇၁ | ၁,၁၂၆,၇၆၉.၂၂၁ | -၈၅,၅၀၃.၆၉၀ | ၁,၀၉၂,၂၄၈.၇၅၈ | ၈၅၉,၅၂၇.၈၇၇ | +၂၃၂,၇၂၀.၈၈၁ | ၁၀၄.၉၀% | ၇၆.၂၈% |
| | ၅ | စက်မှု | ၁၂,၀၀၉.၇၄၀ | ၈၈,၁၉၉.၅၅၈ | -၇၆,၁၈၉.၈၁၈ | ၁၁,၀၀၀.၆၁၆ | ၇၅,၄၃၉.၅၉၁ | -၆၄,၄၃၈.၉၇၅ | ၉၁.၆၀% | ၈၅.၅၃% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၅၁,၂၃၃.၁၆၄ | ၂၂၁,၆၄၀.၇၆၅ | -၇၀,၄၀၇.၆၀၁ | ၁၇၀,၀၄၃.၀၈၃ | ၂၄၂,၄၅၈.၃၈၉ | -၇၂,၄၁၅.၃၀၆ | ၁၁၂.၄၄% | ၁၀၉.၃၉% |
| | | စုစုပေါင်း | ၁,၅၂၅,၄၇၉.၇၉၈ | ၁,၇၇၂,၂၈၁.၄၁၄ | -၂၄၆,၈၀၁.၆၁၆ | ၁,၅၀၄,၀၃၀.၀၆၉ | ၁,၄၀၀,၀၄၂.၇၀၉ | +၁၀၃,၉၈၈.၃၆၀ | ၉၈.၅၉% | ၇၉.၀၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၄၄၆.၈၅၀ | ၂,၆၈၀.၉၄၀ | +၂,၇၆၅.၉၁၀ | ၄,၅၀၁.၆၉၂ | ၂,၂၅၈.၄၇၀ | +၂,၂၄၃.၂၂၂ | ၈၂.၆၅% | ၈၄.၂၄% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈၃,၃၁၆.၅၇၉ | ၅၉,၁၈၇.၃၈၇ | +၂၄,၁၂၉.၁၉၂ | ၉၉,၇၇၉.၅၂၀ | ၅၆,၇၀၁.၀၁၈ | +၄၃,၀၇၈.၅၀၂ | ၁၁၉.၇၆% | ၉၅.၈၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၀၇,၈၄၁.၈၄၄ | ၇၃,၁၁၈.၈၇၄ | +၃၄,၅၂၂.၉၇၀ | ၈၇,၆၁၆.၆၇၀ | ၇၀,၀၈၈.၆၄၁ | +၁၇,၅၂၇.၉၈၉ | ၈၁.၂၅% | ၉၅.၅၉% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၉၆၅,၄၉၆.၃၇၆ | ၁,၀၅၀,၀၁၈.၉၈၉ | -၈၄,၅၂၂.၆၁၃ | ၁,၀၇၉,၁၉၆.၁၉၅ | ၈၂၉,၆၇၆.၂၇၇ | +၂၄၉,၅၁၉.၉၁၈ | ၁၁၁.၇၈% | ၇၉.၀၂% |
| | ၅ | စက်မှု | ၁၂,၀၀၉.၇၄၀ | ၂၆,၃၂၉.၂၃၈ | -၁၄,၃၁၉.၄၉၈ | ၁၁,၀၀၀.၅၈၅ | ၂၁,၈၂၈.၅၅၅ | -၁၀,၈၂၇.၉၇၀ | ၉၁.၆၀% | ၈၂.၉၁% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၃၄,၇၀၁.၂၂၆ | ၂၀၁,၃၉၇.၉၅၄ | -၆၆,၆၉၆.၇၂၈ | ၁၄၈,၀၁၂.၇၈၃ | ၂၀၇,၉၄၀.၆၉၂ | -၅၉,၉၂၇.၉၀၉ | ၁၀၉.၈၈% | ၁၀၃.၂၅% |
| | | စုစုပေါင်း | ၁,၃၀၈,၈၁၂.၆၁၅ | ၁,၄၁၂,၉၃၃.၃၈၂ | -၁၀၄,၁၂၀.၇၆၇ | ၁,၄၃၀,၁၀၇.၄၀၅ | ၁,၁၈၈,၄၉၃.၆၁၃ | +၂၄၁,၆၁၃.၇၉၂ | ၁၀၉.၂၇% | ၈၄.၁၂% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၅၀.၃၇၁ | -၅၀.၃၇၁ | | ၃၆.၈၇၁ | -၃၆.၈၇၁ | | ၇၃.၂၀% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆,၆၈၃.၇၂၆ | ၁၉၈,၆၃၂.၇၀၄ | -၁၉၁,၉၄၈.၉၇၈ | ၁၀.၅၆၀ | ၉၂,၈၃၀.၁၃၃ | -၉၂,၈၂၀.၅၇၃ | ၀.၁၆% | ၄၆.၇၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၈.၅၆၀ | ၁၃၆.၅၃၉ | -၁၀၇.၉၇၉ | ၁၅.၉၄၄ | ၇၇.၀၅၈ | -၆၁.၁၁၄ | ၅၅.၈၃% | ၅၆.၄၄% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၃၃၇.၈၆၅ | ၆၆,၃၁၁.၇၁၇ | -၆၅,၉၇၃.၈၅၂ | ၁၃.၂၁၉ | ၁၈,၉၈၁.၇၃၃ | -၁၈,၉၆၈.၅၁၄ | ၃.၉၀% | ၂၈.၆၃% |
| | ၅ | စက်မှု | | ၃၀,၉၉၉.၄၈၇ | -၃၀,၉၉၉.၄၈၇ | ၀.၀၃၁ | ၂၂,၇၄၄.၁၃၃ | -၂၂,၇၄၄.၁၀၂ | | ၇၃.၃၇% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၉၁.၃၉၂ | ၄,၀၉၇.၈၁၁ | -၄,၀၀၆.၄၁၉ | | ၂၅၁.၃၄၉ | -၂၅၁.၃၄၉ | | ၆.၁၃% |
| | | စုစုပေါင်း | ၇,၁၄၁.၅၄၃ | ၃၀၀,၂၂၈.၆၂၉ | -၂၉၃,၀၈၇.၀၈၆ | ၃၉.၁၇၄ | ၁၃၄,၉၂၂.၂၃၃ | -၁၃၄,၈၈၂.၅၂၃ | ၀.၅၆% | ၄၄.၉၄% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၁၇,၆၅၃.၈၀၄ | ၁,၆၆၅.၀၉၅ | +၁၁၅,၉၈၈.၇၀၉ | ၃၈,၈၁၄.၂၆၆ | ၆၂၃.၆၆၀ | +၃၈,၁၉၀.၆၀၅ | ၃၂.၉၉% | ၃၇.၄၅% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၇၅,၄၃၁.၂၉၀ | ၁၀,၄၃၈.၅၁၅ | +၆၄,၉၉၂.၇၇၅ | ၁၃,၀၃၉.၃၄၄ | ၁၀,၈၆၉.၉၀၇ | +၂,၁၆၉.၄၃၇ | ၁၇.၂၉% | ၁၀၄.၁၃% |
| | ၅ | စက်မှု | | ၃၀,၈၇၀.၈၃၃ | -၃၀,၈၇၀.၈၃၃ | | ၃၀,၈၆၆.၉၀၃ | -၃၀,၈၆၆.၉၀၃ | | ၉၉.၉၉% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၆,၄၄၀.၅၄၆ | ၁၆,၁၄၅.၀၀၀ | +၂၉၅.၅၄၆ | ၂၂,၀၃၀.၃၀၀ | ၃၄,၂၆၆.၃၄၈ | -၁၂,၂၃၆.၀၄၈ | ၁၃၄.၀၀% | ၂၁၂.၂၄% |
| | | စုစုပေါင်း | ၂၀၉,၂၂၅.၆၄၀ | ၅၉,၀၁၉.၄၄၃ | +၁၅၀,၄၀၆.၁၉၇ | ၇၃,၈၈၃.၉၁၀ | ၇၆,၆၂၆.၈၁၉ | -၂၇၄၂.၉၀၉ | ၃၅.၂၆% | ၁၂၉.၈၀% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
# ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေအပိုင်းတွင်ပထမ(၃)လပတ်လျာထားချက် ကျပ် ၁,၃၀၈.၈၁၃ ဘီလီယံအနက်ကျပ် ၁,၄၃၀.၁၀၇ ဘီလီယံ ရရှိခဲ့ပြီး၁၀၉.၂၇ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ပထမ(၃) လပတ်လျာထားချက် ကျပ် ၁,၄၁၂.၉၃၃ ဘီလီယံ အနက် ကျပ် ၁,၁၈၈.၄၉၄ ဘီလီယံ သုံးစွဲခဲ့၍ ၈၄.၁၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေ နှင့် ပတ်သက်၍ ထူးခြားမှု အခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် တင်ဒါပုံစံရောင်းရငွေ၊ အဆောက်အဦနှင့် ဌာနပိုင်မြေငှားရမ်းခြင်းမှရငွေတို့အား တစ်နှစ်စာကြိုတင်ရရှိခြင်းနှင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသည် Operator အသစ်ဖြစ်သည့် MyTel ကို ၂၀၁၈ ခု၊ ဧပြီလမှစ၍ လုပ်ငန်းစတင်မည်ဟုခန့်မှန်း၍ ဝင်ငွေလျော့နည်းလျာထားခဲ့သော်လည်း လျာထားချက်ထက်ပိုမိုရရှိခြင်း၊ နှစ်ဟောင်းမှ အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းခများအား သိရိလက်ံနိုင်ငံမှရရှိခြင်းတို့ကြောင့်ပိုမိုခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ကမ်းလွန်ရေနံရှာဖွေရေးမှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် လေဆီများအား ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချရာတွင် နိုင်ငံခြားငွေ လဲလှယ်နှုန်းမြင့်တက်ခဲ့ခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ယူရီးယား၊ ရေနံမီးသွေးနှင့် ရေနံဓာတ်ငွေ့ရည်များ လျာထားချက်ထက် ပိုမိုထုတ်လုပ်ရောင်းချခဲ့ရခြင်းနှင့် ပိုမိုပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ပြန်အမ်းငွေများပြန်လည်ရရှိခဲ့ခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည်တာချီလိတ်နှင့်ကျိုင်းတုံဒေသတို့တွင် ထိုင်းနိုင်ငံပီတီတီကုမ္ပဏီနှင့် MPTA တို့မှ စက်သုံးဆီများဝယ်ယူရောင်းချခဲ့ခြင်းတို့ကြောင့်ပိုမိုရရှိခြင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ထုတ်ချေးငွေအပေါ် အတိုးရငွေများ၊ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေ၊ ကော်မရှင်နှင့်ဆောင်ရွက်ခရငွေများ၊ အသက်အာမခံရငွေများနှင့် ငွေစက္ကူရိုက်နှိပ်ခရငွေများလျာထားချက်ထက်ပိုမိုရရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းတွင် ကြော်ငြာခရငွေများ လျော့နည်းရရှိခြင်း၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊အမှတ်(၁)သတ္တုတွင်းလုပ်ငန်းတွင်ဖက်စပ် လုပ်ငန်းများမှ အကျိုးတူဝေစုရငွေများ လျော့နည်းရရှိခြင်း၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် ကျောက်မျက်ရတနာဥပဒေအရ ပြပွဲများမှ အပ်ကုန်စနစ်ဖြင့် တင်ပြရောင်းချသည့် ရောင်းရငွေများလျော့နည်းခြင်းနှင့် အကျိုး တူဝေစုရငွေများ လျော့နည်းရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေစုဘဏ် အပ်ငွေများအပေါ်ပေးရသည့် အတိုးပေးငွေများ လျာထားသည်ထက်ပိုမိုခြင်းနှင့် တောင်သူလယ်သမားများမှနှစ်ဟောင်းချေးငွေများပေးဆပ်မှုလျော့နည်းခြင်းကြောင့် မြန်မာ့စီးပွားရေးဘဏ်သို့ပေးချေရသော အတိုးများလျာထားချက်ထက် ပိုမိုသုံးစွဲ ခြင်းဖြစ်ပါသည်။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းတွင် နိုင်ငံခြားမှမှာယူထားသော ကုန်ကြမ်းပစ္စည်းများ မရောက်ရှိသေး ခြင်း၊ သတင်းထောက်များ ခရီးသွားလာမှုနည်းပါးခြင်း၊ ဓာတ်အားစရိတ်များ နောက်ကျပေးချေရခြင်း၊ စာမူခများနောက်ကျမှလာရောက်ထုတ်ယူခြင်း၊ အခြားပုံ သေပိုင်ပစ္စည်းများနှင့် အဆောက်အဦများပြင်ဆင်မှုနည်းပါးခြင်းတို့ကြောင့် လျော့ နည်းသုံးစွဲခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဝန်ထမ်းများတာဝန်ဖြင့် ခရီး သွားလာမှုနည်းပါးသဖြင့် ခရီးစရိတ်လျော့နည်းခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းတွင် ကျောက်မီးသွေးဖိုးများအတွက် ငွေတောင်းခံလွှာများ မရောက်ရှိသေးခြင်း၊ ဒီဇင် ဘာလအတွက် ဓာတ်အားဝယ်စရိတ်မပေးချေရသေးခြင်း၊ ပြည်ပမှပစ္စည်းဝယ်ယူ မှုလျော့နည်းခြင်း၊ ထုတ်လုပ်မှုစရိတ်တွင် Gas Engine ငှားရမ်းခများအား ဒီဇင် ဘာလအတွက် မပေးချေရသေးခြင်း၊ ရေနံရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ အတွက် ပြည်ပမှပစ္စည်းဝယ်ယူရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ထုတ်လုပ်မှုစရိတ်တွင် Gas Engine ငှားရမ်းခများအား ဒီဇင်ဘာလအတွက် မပေးချေရသေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များအား အပြည့်အဝမသုံးစွဲနိုင်သေးခြင်းနှင့် စက်မှုဝန်ကြီး ဌာန၊အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းနှင့်အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင်

ကုန်ကြမ်းနှင့် ဆက်စပ်ပစ္စည်းများ လျော့နည်းဝယ်ယူခဲ့ခြင်းနှင့် မြန်မာ့ဆေးဝါး လုပ်ငန်းတွင် ပြည်ပကုန်ကြမ်းများဝယ်ယူရန်ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်း ရငွေ၊ သုံးငွေ။** ငွေလုံးငွေရင်းရငွေ၊သုံးငွေတွင်ပြည်ပအကူအညီရငွေနှင့် ကြွေးမြီရငွေများပါဆက်စပ်ပါဝင်နေကြောင်းတွေ့ရှိရပါသည်။ချေးယူရငွေပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့စက်ပစ္စည်းများမှာ အချိန်မီပေးသွင်းနိုင်မှုမရှိခြင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA Loan ဖြင့် ဆောင်ရွက်သော ဆက်သွယ်ရေး ကွန်ယက်များ အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် တင်ဒါအောင်မြင်သော ကုမ္ပဏီ နှင့်စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆဲကာလဖြစ်၍ Consultant Fee သာပေးချေနိုင်ခြင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် World Bank ချေးငွေအတွက် စာချုပ် တန်ဖိုး၏ ၁၀% အားတာဘိုင်စက် (၂) လုံးနှင့် ရေနွေးငွေ့တာဘိုင်စက်များ စီးပွားဖြစ် မောင်းနှင်နိုင်ရန် Commissioning ဆောင်ရွက်နေဆဲဖြစ်ပြီး COD သတ်မှတ်နိုင်မှုမရှိသေးခြင်းကြောင့် ငွေပေးချေမှုမဆောင်ရွက်နိုင်ခြင်း၊ Amendent No.(2) အတွက် ကုမ္ပဏီမှ Invoice များပေးပို့လာမှုမရှိခြင်း၊ World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် NEP စီမံကိန်းအတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ခွဲရုံပစ္စည်းများမှာ Factory Acceptance Test ပြုလုပ် နေဆဲဖြစ်ခြင်း၊ နိုင်ငံခြားမှ မှာယူထားသည့် ပစ္စည်းများအား Inspection ပြုလုပ်နေဆဲဖြစ်ခြင်းတို့ကြောင့် ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင်လည်း လျော့နည်းသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။ ငွေလုံးငွေရင်းသုံးငွေတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ရုံးသုံးစက်ကိရိယာများဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူပြီးသော်လည်း စာချုပ်ချုပ်ဆိုဆဲဖြစ်၍ ငွေပေးချေနိုင်မှုမရှိခြင်း၊ ဂျပန်နိုင်ငံအထောက်အပံ့ဖြင့် တည်ဆောက်နေသော ကစ္စပနဒီ(၃)ရေယာဉ် တည်ဆောက်မှုလုပ်ငန်းမပြီးပြတ်သေးခြင်းနှင့် အချို့လုပ်ငန်းများအတွက် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် တင်ဒါခေါ်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ကုမ္ပဏီများနှင့်စာချုပ်ချုပ်ဆိုခြင်းများဆောင်ရွက်နေဆဲ

ဖြစ်ခြင်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် အောင်ပုလဲမြတ်(၁) နှင့်(၃)ရေယာဉ်နှင့် ပုလဲဒေဝီဆောင် အကြီးစား ပြင်ဆင်ခြင်းအတွက် ပထမအရစ် ၂၅ % စီသာပေးချေထားခြင်းကြောင့် လျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဂျပန်နိုင်ငံ Grant ဖြင့် ဆောင်ရွက်မည့် မြန်အောင်ဓာတ်ငွေ့အင်ဂျင်သုံးဓာတ်အားပေး စက်ရုံစီမံကိန်းအတွက် Evaluation Report ပြီးစီးမှ အကြံပေးအဖွဲ့သို့ ငွေပေးချေရမည်ဖြစ်ခြင်းကြောင့်လျော့နည်းသုံးစွဲခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် သံမဏိစက်ရုံ(မြင်းခြံ)၏ နိုင်ငံခြားသား ပညာရှင်စရိတ်၊ ကုမ္ပဏီသို့ ပေးချေရမည့် Payment များနှင့် ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် ဝန်ထမ်းအိမ်ရာ လျှပ်စစ်လိုင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် တင်ဒါခေါ်ယူဆောင်ရွက်ထားဆဲဖြစ်ခြင်းကြောင့် လျာထားချက်အောက် လျော့နည်းရခြင်းနှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်နေခြင်း၊ မြေဂရန်ဖိုးပေးချေရန်လျာထားခဲ့သော်လည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမိန့်မရရှိသေးခြင်းနှင့်နိုင်ငံခြားမှ ဝယ်ယူရမည့် စက်ပစ္စည်းများအတွက် နိုင်ငံခြားငွေသုံးစွဲခွင့်လျှောက်ထားဆဲဖြစ်ခြင်းတို့ကြောင့်လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။

(ဂ) **ကြွေးမြီအသုံးစရိတ်။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်တရုတ်ချေးငွေCDB (24") အတွက် အရင်းပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်ခဲ့ခြင်းကြောင့် ပိုမိုခြင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် JICA Two Step Loan ဖြင့် တောင်သူလယ်သမားများသို့ ချေးငွေထုတ်ချေးရာတွင် တောင်သူများ၏ချေးငွေအဆိုပြုလွှာများ လျာထားချက်ထက် ပိုမိုခြင်းကြောင့်ဖြစ်ပါသည်။

**အရအသုံးစာရင်းများနှင့်ပတ်သက်၍ သုံးသပ်ချက်**

၁။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ၊သုံးငွေနှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ရာ ၂၀၁၈-၂၀၁၉ ခု၊ဘဏ္ဍာရေးနှစ်အတွက် ပထမ(၃)လပတ်လျာထားချက်တွင် လိုငွေကျပ် ၂၄၆.၈၀၁ ဘီလီယံ လျာထားသော်လည်း အကောင်အထည်ဖော်နိုင်မှုတွင် ပိုငွေကျပ် ၁၀၃.၉၈၈ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်-

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ပထမ(၃)လပတ် လျာထားချက် | ပထမ(၃)လပတ် အကောင်အထည်ဖော်နိုင်မှု | | ပိုမို(+)/ လျော့နည်း(-) |
|---|---|---|---|---|---|
| (က) | **ရငွေ** | **၁,၅၂၅.၄၈၀** | **၁,၅၀၄.၀၃၁** | - | **၂၁.၄၄၉** |
| | သာမန် | ၁,၃၀၈.၈၁၃ | ၁,၄၃၀.၁၀၇ | + | ၁၂၁.၂၉၄ |
| | ငွေလုံးငွေရင်း | ၇.၁၄၁ | ၀.၀၄၀ | - | ၇.၁၀၁ |
| | ကြွေးမြီ | ၂၀၉.၅၂၆ | ၇၃.၈၈၄ | - | ၁၃၅.၆၄၂ |
| (ခ) | **သုံးငွေ** | **၁,၇၇၂.၂၈၁** | **၁,၄၀၀.၀၄၃** | - | **၃၇၂.၂၃၈** |
| | သာမန် | ၁,၄၁၂.၉၃၃ | ၁,၁၈၈.၄၉၄ | - | ၂၂၄.၄၃၉ |
| | ငွေလုံးငွေရင်း | ၃၀၀.၂၂၉ | ၁၃၄.၉၂၂ | - | ၁၆၅.၃၀၇ |
| | ကြွေးမြီ | ၅၉.၁၁၉ | ၇၆.၆၂၇ | + | ၁၇.၅၀၈ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | **(-) ၂၄၆.၈၀၁** | **(+) ၁၀၃.၉၈၈** | (+) | **၃၅၀.၇၈၉** |

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်းသုံးသပ်တွေ့ရှိရပါသည်-

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၁၀၉.၂၇ ရာခိုင်နှုန်း၊ငွေလုံးငွေရင်းရရှိမှု ၀.၅၆ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၃၅.၂၆ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းရငွေရရှိမှု ၉၈.၅၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ရငွေပိုင်းတွင်လျာထားချက်ကိုနီးစပ်စွာခန့်မှန်းရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၄.၁၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၄၄.၉၄ ရာခိုင်နှုန်း၊ကြွေးမြီအသုံးစရိတ် ၁၂၉.၆၁ ရာခိုင်နှုန်းဖြစ်၍စုစုပေါင်းသုံးငွေအကောင်အထည်ဖော်နိုင်မှု ၇၉.၀၀ ရာခိုင်နှုန်းဖြစ်ပါသည်။

(ဂ) ပထမ(၃)လပတ် လျာထားချက်တွင် လိုငွေ ကျပ် ၂၄၆.၈၀၁ ဘီလီယံ လျာထားသော်လည်း အကောင်အထည်ဖော်နိုင်မှုတွင် ပိုငွေကျပ် ၁၀၃.၉၈၈ ဘီလီယံ ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၁,၄၉၀.၅၈၂ | ၆၁,၁၅၁.၇၀၄ | +၃၃၈.၈၇၈ | ၁၀၀,၈၉၃.၇၉၈ | ၁၀၂,၁၄၇.၆၂၇ | -၁,၂၅၃.၈၂၉ | ၁၆၄.၀၈% | ၁၆၇.၀၄% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၃၅,၄၃၀.၀၄၈ | ၂၃၇,၇၅၉.၉၂၀ | -၂,၃၂၈.၈၇၂ | ၂၃၂,၆၄၈.၅၈၀ | ၂၁၂,၅၀၇.၄၃၂ | +၂၀,၁၄၁.၁၄၈ | ၉၈.၈၂% | ၈၉.၃၈% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၆၅,၆၇၃.၈၃၇ | ၁၇၁,၃၄၇.၉၂၇ | -၅,၆၇၄.၀၉၀ | ၁၇၀,၁၂၂.၆၅၄ | ၁၆၈,၇၃၈.၁၁၉ | +၁,၃၈၄.၅၃၅ | ၁၀၂.၆၉% | ၉၈.၄၈% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၉,၇၅၇.၂၁၁ | ၆၆,၄၁၁.၉၉၃ | +၃,၃၄၅.၂၁၈ | ၆၂,၅၂၅.၉၂၆ | ၄၃,၇၆၉.၃၁၃ | +၁၈,၇၅၆.၆၁၃ | ၈၉.၆၃% | ၆၅.၉၁% |
| | | စုစုပေါင်း | ၂၉၆,၉၂၀.၆၃၀ | ၂၉၈,၉၁၁.၆၂၄ | -၁,၉၈၉.၉၉၄ | ၃၃၃,၅၄၂.၃၇၈ | ၃၁၄,၆၅၅.၀၅၉ | +၁၈,၈၈၇.၃၁၉ | ၁၁၂.၃၃% | ၁၀၅.၂၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၁,၄၉၀.၅၈၂ | ၅၀,၃၃၇.၆၆၇ | +၁၁,၁၅၂.၉၁၅ | ၇၃,၉၈၁.၇၃၃ | ၇၀,၈၁၈.၂၄၁ | +၃,၁၆၃.၄၉၂ | ၁၂၀.၃၁% | ၁၄၀.၆၉% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၃၁,၆၄၆.၃၅၇ | ၂၃၂,၉၅၃.၀၃၄ | -၁,၃၀၆.၆၇၇ | ၂၂၇,၆၀၃.၂၂၉ | ၂၀၇,၀၂၀.၉၈၇ | +၂၀,၅၈၂.၂၄၂ | ၉၈.၂၅% | ၈၈.၈၇% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၆၁,၈၈၉.၁၄၆ | ၁၆၇,၁၇၉.၆၅၆ | -၅,၂၉၀.၅၁၀ | ၁၆၅,၃၈၉.၆၆၇ | ၁၆၃,၇၅၁.၀၃၈ | +၁,၆၃၈.၆၂၉ | ၁၀၂.၁၆% | ၉၇.၉၅% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၉,၇၅၇.၂၁၁ | ၆၅,၇၇၃.၃၇၈ | +၃,၉၈၃.၈၃၃ | ၆၂,၂၁၃.၅၆၂ | ၄၃,၂၆၉.၉၄၉ | +၁၈,၉၄၃.၆၁၃ | ၈၉.၁၉% | ၆၅.၇၉% |
| | | စုစုပေါင်း | ၂၉၃,၁၃၆.၉၃၉ | ၂၈၃,၂၉၀.၇၀၀ | +၉,၈၄၆.၂၃၈ | ၃၀၁,၅၈၄.၉၆၂ | ၂၇၇,၈၃၉.၂၂၈ | +၂၃,၇၄၅.၇၃၄ | ၁၀၂.၈၈% | ၉၈.၀၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | | ၇,၆၉၆.၉၀၀ | -၇,၆၉၆.၉၀၀ | ၄,၁၄၄.၁၈၉ | ၂၆,၉၁၄.၁၇၁ | -၂၂,၇၆၉.၉၈၂ | | ၃၄၉.၆၈% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၄,၈၀၆.၈၈၆ | -၄,၈၀၆.၈၈၆ | | ၅.၄၈၆.၄၄၅ | -၅.၄၈၆.၄၄၅ | | ၁၁၄.၁၄% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၄,၁၆၈.၂၇၁ | -၄,၁၆၈.၂၇၁ | | ၄.၉၈၇.၀၈၁ | -၄.၉၈၇.၀၈၁ | | ၁၁၉.၆၄% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၆၃၈.၆၁၅ | -၆၃၈.၆၁၅ | | ၄၉၉.၃၆၄ | -၄၉၉.၃၆၄ | | ၇၈.၁၉% |
| | | စုစုပေါင်း | | ၁၂,၅၀၃.၇၈၆ | -၁၂,၅၀၃.၇၈၆ | ၄,၁၄၄.၁၈၉ | ၃၂,၄၀၀.၆၁၆ | - ၂၈,၂၅၆.၄၂၇ | | ၂၅၉.၁၃% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | | ၃,၁၁၇.၁၃၇ | -၃,၁၁၇.၁၃၇ | ၂၂,၇၆၇.၈၇၆ | ၄,၄၁၅.၂၀၅ | +၁၈,၃၅၂.၆၆၁ | | ၁၄၁.၆၄% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၇၈၄.၆၉၁ | | +၃,၇၈၄.၆၉၁ | ၅,၀၄၅.၃၅၁ | | +၅၀၄၅.၃၅၁ | ၁၃၃.၃၁% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃,၇၈၄.၆၉၁ | | +၃,၇၈၄.၆၉၁ | ၄,၃၃၂.၉၈၇ | | +၄,၃၃၂.၉၈၇ | ၁၂၅.၀၆% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | | | ၃၁၂.၃၆၄ | | +၃၁၂.၃၆၄ | | |
| | | စုစုပေါင်း | ၃,၇၈၄.၆၉၁ | ၃,၁၁၇.၁၃၇ | +၆၆၇.၅၅၄ | ၂၇,၈၀၃.၂၂၇ | ၄,၄၁၅.၂၀၅ | +၂၃,၃၉၈.၀၁၂ | ၇၃၄.၈၉% | ၁၄၁.၆၄% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက်ကျပ် ၂၉၃.၁၃၇ ဘီလီယံအနက်ကျပ် ၃၀၁.၅၈၅ ဘီလီယံရရှိခဲ့ပြီး ၁၀၂.၈၈ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါသည်။သာမန်အသုံးစရိတ်တွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၂၈၃.၂၉၁ ဘီလီယံ အနက်ကျပ်၂၇၇.၈၃၉ ဘီလီယံသုံးစွဲခဲ့၍ ၉၈.၀၈ ရာခိုင်နှုန်း ဖြစ်ပါသည်။သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာအမျိုးသားလေကြောင်းတွင် Embraer E 190 XY-AGP လေယာဉ်အား ပြင်ဆင်ပြီး ပြန်လည်အသုံးပြုနိုင်သဖြင့် ခရီးသည်ရငွေများ ပိုမိုရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ပင်စင်စားဝန်ထမ်းများ လာရောက်ထုတ်ယူမှုများခြင်း၊ ခရီးသွားလာမှုများခြင်း၊ ကုန်ကြမ်းပစ္စည်းများပထမ(၃)ပတ်တွင် ပိုမိုဝယ်ယူခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များပေးချေရခြင်း၊ ယခင်နှစ်ပေးရန်ကျန်ဝင်ငွေခွန်ပေးချေရခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် ခရီးစဉ်ပိုမိုပျံသန်းပြေးဆွဲရသဖြင့် လေယာဉ်ဆီများပိုမိုဝယ်ယူခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဝန်ထမ်းများခရီးသွားလာမှုနည်းပါးသဖြင့် ခရီးစရိတ်လျော့နည်းခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းတွင် လျှပ်စစ်ဓာတ်အားခများအားဒီဇင်ဘာလအတွက် မပေးချေရသေးခြင်း၊ တကောင်းမြို့နယ်သည် ဓာတ်အားစနစ်ဖြင့် မီးရရှိခဲ့ခြင်းကြောင့် ဒီဇယ်ဆီအသုံးပြုရန်မလိုအပ်တော့ခြင်း၊ ထုတ်လုပ်မှုစရိတ်တွင်မီတာများသယ်ယူရာတွင် ကုန်ကျမည့် သယ်ယူစရိတ်များအတွက် မပေးချေရသေးခြင်း၊ ငွေကြေးစရိတ်တွင် သီးနှံလျော်ကြေးများမပေးချေရသေးခြင်းတို့ကြောင့် လျော့နည်းသုံးစွဲ ခြင်းဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ငွေလုံးငွေရင်းသုံးငွေတွင် ကြွေးမြီရငွေနှင့် ဆက်စပ်နေကြောင်းတွေ့ရှိရပါသည်။ချေးယူရငွေပိုင်းတွင်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် လျာထားချက်၌ မပါဝင်သော်လည်း ODA Loan မှာ လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ ရရှိခြင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်ADB Loan ဖြင့် Loan Receive Shopping method ဝယ်ယူခဲ့ခြင်း၊ ADB Loan နှင့် World Bank ချေးငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများအတွက် ကြွေးမြီပိုမိုရရှိခဲ့သဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင်လည်းပိုမိုသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။ငွေလုံးငွေရင်းသုံးငွေတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ဂျပန်နိုင်ငံ ODA Loan ဖြင့် ဆောင်ရွက်သည့် ဆောက် လုပ်ရေးလုပ်ငန်းများနှင့် JICA Grant ဖြင့် ဆောင်ရွက်သော Port EDI Project တို့မှာ လုပ်ငန်းပြီးစီးမှုအပေါ် ငွေပေးချေရခြင်းတို့ကြောင့် ပိုမိုသုံးစွဲခဲ့ခြင်းဖြစ်ပါ သည်။

(ဂ) **ကြွေးမြီအသုံးစရိတ်။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာအမျိုးသားလေကြောင်းသည် DAE သို့ ATR လေယာဉ် (၆)စီးအတွက် အရင်းပေးဆပ်ရာတွင် မိုးတွင်းကာလ၌ လျော့နည်းပေးချေခဲ့ပြီး ပထမ(၃)လပတ်အတွင်း ထပ်ဆောင်းပေးချေရခြင်းကြောင့် ဖြစ်ပါသည်။

နောက်ဆက်တွဲ(စ)



၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၈၆,၇၉၉.၈၅၃ | ၃၂,၇၅၀.၀၇၈ | +၁၅၄,၀၄၈.၇၇၅ | ၁၅၅,၃၄၉.၁၃၀ | ၁၇,၆၂၀.၅၅၄ | +၁၃၇,၇၂၇.၅၇၆ | ၈၃.၁၆% | ၅၃.၈၀% |
| | စုစုပေါင်း | ၁၈၆,၇၉၉.၈၅၃ | ၃၂,၇၅၀.၀၇၈ | +၁၅၄,၀၄၈.၇၇၅ | ၁၅၅,၃၄၉.၁၃၀ | ၁၇,၆၂၀.၅၅၄ | +၁၃၇,၇၂၇.၅၇၆ | ၈၃.၁၆% | ၅၃.၈၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၈၄,၉၅၀.၆၉၉ | ၃၀,၈၉၀.၉၂၄ | +၁၅၄,၀၅၉.၇၇၅ | ၁၅၅,၃၄၉.၁၃၀ | ၁၇,၆၀၅.၇၃၀ | +၁၃၇,၇၄၃.၄၀၀ | ၈၃.၉၉% | ၅၆.၉၉% |
| | စုစုပေါင်း | ၁၈၄,၉၅၀.၆၉၉ | ၃၀,၈၉၀.၉၂၄ | +၁၅၄,၀၅၉.၇၇၅ | ၁၅၅,၃၄၉.၁၃၀ | ၁၇,၆၀၅.၇၃၀ | +၁၃၇,၇၄၃.၄၀၀ | ၈၃.၉၉% | ၅၆.၉၉% |

။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁,၈၄၅.၃၅၄ | ၁,၈၆၀.၁၅၄ | -၁၄.၈၀၀ | | ၁၅.၈၂၄ | -၁၅.၈၂၄ | | ၀.၈၅% |
| | | စုစုပေါင်း | ၁,၈၄၅.၃၅၄ | ၁,၈၆၀.၁၅၄ | -၁၄.၈၀၀ | | ၁၅.၈၂၄ | -၁၅.၈၂၄ | | ၀.၈၅% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၃.၈၀၀ | | +၃.၈၀၀ | | | | | |
| | | စုစုပေါင်း | ၃.၈၀၀ | | +၃.၈၀၀ | | | | | |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ်
## လျာထားချက် ရငွေ၊သုံးငွေအပေါ်အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သာမန်ရငွေ အပိုင်းတွင် ပထမ(၃)လပတ် လျာထားချက်ကျပ် ၁၈၄.၉၅၁ ဘီလီယံအနက်ကျပ် ၁၅၅.၃၄၉ ဘီလီယံ ရရှိခဲ့ပြီး ၈၃.၉၉ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃၀.၈၉၁ ဘီလီယံတွင် ကျပ် ၁၇.၆၀၆ ဘီလီယံ သုံးစွဲခဲ့၍ ၅၆.၉၉ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါ အတိုင်းတွေ့ရှိရပါသည်—

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** ချေးငွေစိုက်ထုတ်ပေးဆပ်သည့်စနစ်ဖြင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေများအပေါ်မှ အတိုးရငွေလျော့နည်းရရှိသဖြင့် လျာထားချက်ထက်လျော့နည်းခြင်းဖြစ်ပါသည်။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပင်စင်ထုတ်ယူမှု နည်းပါးခြင်း၊ ဘဏ်ပိုင်အဆောက်အဦများနှင့် ရုံးသုံးစက်ပစ္စည်းပြင်ဆင်စရိတ်များ လျော့နည်းခြင်း၊ အစည်းအဝေးနှင့် အခမ်းအနားများပြုလုပ်မှုနည်းပါးခြင်း၊ ဘဏ်များတွင် Excess Liquidity များစွာဖြစ်ပေါ်လျက်ရှိရာ အပ်ငွေလေလံတွင် ခေါ်ယူလိုသော ပမာဏ ( Offering Amount) ထက်တင်သွင်းလိုသော ပမာဏ (Bidding Amount) က ပိုများပြားခဲ့သဖြင့် အပ်ငွေလေလံအတိုးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် အပ်ငွေနှင့် ချေးငွေအပေါ် အတိုးပေးငွေ လျော့နည်းခြင်း၊ ငွေစက္ကူရိုက်နှိပ်ခနှင့် ဘဏ္ဍာငွေ သယ်ယူပို့ဆောင်ခများ လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ချေးယူရငွေပိုင်းတွင်ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ JICA Grant Aid အား ပထမသုံးလပတ်တွင် လျာထားသော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်တွင် အသုံးပြုနိုင်ခြင်း မရှိသေးခြင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် မော်တော်ယာဉ်အကြီးစား ပြင်ဆင်ရန် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်မရရှိသေးခြင်းနှင့် FSDP Project ဖြင့် ဆောင်ရွက်မည့် Fiber Internet 50 Mbps အတွက် လစဉ်ကြေးပေးဆောင်ရန်အဆင့်ဆင့်တင်ပြပြီး စိစစ်ဆောင်ရွက်ဆဲဖြစ်၍ ပေးချေနိုင်မှုမရှိသောကြောင့် လျာထားချက်ထက်လျော့နည်းခြင်း ဖြစ်ပါ သည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၆၁၁.၅၃၀ | ၃၁၈.၃၁၇ | +၂၉၃.၂၁၃ | ၁၆၄.၉၅% | ၉၄.၉၆% |
| | စုစုပေါင်း | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၆၁၁.၅၃၀ | ၃၁၈.၃၁၇ | +၂၉၃.၂၁၃ | ၁၆၄.၉၅% | ၉၄.၉၆% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၆၁၁.၅၃၀ | ၃၁၈.၃၁၇ | +၂၉၃.၂၁၃ | ၁၆၄.၉၅% | ၉၄.၉၆% |
| | စုစုပေါင်း | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၆၁၁.၅၃၀ | ၃၁၈.၃၁၇ | +၂၉၃.၂၁၃ | ၁၆၄.၉၅% | ၉၄.၉၆% |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃၇၀.၇၂၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၁၁.၅၃၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၆၄.၉၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၃၃၅.၂၂၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၁၈.၃၁၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၄.၉၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တပ်နယ်ဈေးများအတွင်းအခွန်အခများနှင့်သန့်ရှင်းရေးအသုံးစရိတ်များ ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** မိမိရန်ပုံငွေဖြင့် လုပ်ငန်းများ လည်ပတ်ရသောအဖွဲ့အစည်းများဖြစ်ပြီးရန်ပုံငွေလုံလောက်အောင် သုံးစွဲရပ်တည်နိုင်ရေး၊ ငွေကြေးသုံးစွဲမှု ဖောင်းပွမှုမရှိစေရေးတို့အတွက် စိစစ်သုံးစွဲခဲ့ခြင်းကြောင့် လျော့နည်းရခြင်း။

နောက်ဆက်တွဲ(ဇ)



**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)**
**နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း**
**(စာရင်းချုပ်)**

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၂၇.၆၉၀ | ၂၂,၅၁၉.၂၇၂ | -၂၂,၄၉၁.၅၈၂ | ၄၇.၈၅၃ | ၈၆.၇၀၃ | -၃၈.၈၅၀ | ၁၇၂.၈၂% | ၀.၃၉% |
| | စုစုပေါင်း | ၂၇.၆၉၀ | ၂၂,၅၁၉.၂၇၂ | -၂၂,၄၉၁.၅၈၂ | ၄၇.၈၅၃ | ၈၆.၇၀၃ | -၃၈.၈၅၀ | ၁၇၂.၈၂% | ၀.၃၉% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၂၇.၆၉၀ | ၁၁၈.၀၃၂ | -၉၀.၃၄၂ | ၄၇.၈၅၃ | ၈၆.၇၀၃ | -၃၈.၈၅၀ | ၁၇၂.၈၂% | ၇၃.၄၆% |
| | စုစုပေါင်း | ၂၇.၆၉၀ | ၁၁၈.၀၃၂ | -၉၀.၃၄၂ | ၄၇.၈၅၃ | ၈၆.၇၀၃ | -၃၈.၈၅၀ | ၁၇၂.၈၂% | ၇၃.၄၆% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၂၂,၄၀၁.၂၀၀ | -၂၂,၄၀၁.၂၀၀ | | | | | |
| | စုစုပေါင်း | | ၂၂၄၀၁.၂၀၀ | -၂၂,၄၀၁.၂၀၀ | | | | | |

# နေပြည်တော်ကောင်စီ၏
# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ်၂၇.၆၉၀သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၄၇.၈၅၃သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၁၇၂.၈၂ ဖြစ်ပါသည်။သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက်ကျပ် ၁၁၈.၀၃၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၈၆.၇၀၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၃.၄၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တင်ဒါပုံစံရောင်းချရငွေများ၊ နောက်ကျဒဏ်ကြေး ငွေများ၊ ပိုထုတ်ငွေမှ ပြန်လည်ပေးသွင်းငွေများရရှိခြင်းကြောင့် လျာထားချက် ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကောင်စီဝင်များ၏နေ့တွက်စရိတ်မှာ ဒေသဖွံ့ဖြိုးရေး အမှန်တကယ်ကွင်းဆင်းဆောင်ရွက်ခဲ့သောနေ့ရက်များအတွက် သာထုတ်ယူခြင်း၊နိုင်ငံခြားခရီးသွားရောက်မှုမရှိခြင်း၊တံဆိပ်ခေါင်း၊ ကြေးနန်း နှင့်တယ်လီဖုန်း၊ လျှပ်စစ်ဓါတ်အားခငွေစာရင်းခေါင်းစဉ်များလျော့နည်းခြင်း၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်များ လျော့နည်းခြင်းတို့ကြောင့် လျာထားချက် ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ် ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၂၂,၄၀၁.၂၀၀ သန်း ဖြစ်သော်လည်း အကောင်အထည်ဖော်နိုင်မှုမရှိပါ။ ငွေလုံးငွေရင်းသုံးငွေနှင့်ပတ်သက်၍ထူးခြားမှု အခြေ အနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပထမ(၃)လပတ်အတွင်း ငွေလုံး ငွေရင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် သုံးစွဲနိုင်မှုမရှိခြင်း။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၁,၁၈၃.၄၄၅ | ၈,၀၃၈.၄၆၅ | +၁၃,၁၄၄.၉၈၀ | ၂၁,၀၉၆.၁၁၅ | ၅.၅၇၇.၈၁၉ | +၁၅,၅၁၈.၂၉၆ | ၉၉.၅၉% | ၆၉.၃၉% |
| | စုစုပေါင်း | ၂၁,၁၈၃.၄၄၅ | ၈,၀၃၈.၄၆၅ | +၁၃,၁၄၄.၉၈၀ | ၂၁,၀၉၆.၁၁၅ | ၅.၅၇၇.၈၁၉ | +၁၅,၅၁၈.၂၉၆ | ၉၉.၅၉% | ၆၉.၃၉% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၁,၁၇၀.၉၃၀ | ၇.၇၁၄.၀၉၉ | +၁၃,၄၅၆.၈၃၁ | ၂၁,၀၈၅.၅၇၆ | ၅.၅၃၈.၇၀၆ | +၁၅,၅၄၆.၈၇၀ | ၉၉.၆၀% | ၇၁.၈၀% |
| | စုစုပေါင်း | ၂၁,၁၇၀.၉၃၀ | ၇.၇၁၄.၀၉၉ | +၁၃,၄၅၆.၈၃၁ | ၂၁,၀၈၅.၅၇၆ | ၅.၅၃၈.၇၀၆ | +၁၅,၅၄၆.၈၇၀ | ၉၉.၆၀% | ၇၁.၈၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၂.၅၁၅ | ၃၂၄.၃၆၆ | -၃၁၁.၈၅၁ | ၁၀.၅၃၉ | ၃၉.၁၁၃ | -၂၈.၅၇၄ | ၈၄.၂၁% | ၁၂.၀၆% |
| | စုစုပေါင်း | ၁၂.၅၁၅ | ၃၂၄.၃၆၆ | -၃၁၁.၈၅၁ | ၁၀.၅၃၉ | ၃၉.၁၁၃ | -၂၈.၅၇၄ | ၈၄.၂၁% | ၁၂.၀၆% |

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏**

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ်**

**အကောင်အထည်ဖော်နိုင်မှုအခြေအနေ**

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၂၁,၁၇၀.၉၃၀ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှုကျပ် ၂၁,၀၈၅.၅၇၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၉.၆၀ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၇,၇၁၄.၀၉၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၅၃၈.၇၀၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၁.၈၀ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** ဟိုတယ်၊ မိုတယ်များမှ အဆောက်အအုံနှင့် မြေခွန်ရငွေများ ပထမ(၃)လပတ်တွင် ခန့်မှန်းလျာထားသည်ထက် ကောက်ခံရရှိမှု လျော့နည်းခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းများနုတ်ထွက်ခြင်း၊ ပြည်တွင်း/ပြည်ပသင်တန်းသွားရောက်မှု လျော့နည်းခြင်း၊ နေပြည်တော် အုတ်စက်ရုံမှ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမှုမရှိသေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လျှပ်စစ်ဓါတ်အားခများ သုံးစွဲမှုလျော့နည်းခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ရန် လျာထားခဲ့သော်လည်း သင်တန်းကာလ ရွှေ့ဆိုင်းခဲ့ရခြင်း၊ လုပ်ငန်းသဘာဝအရ အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းများ၊ လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ရေနှင့် သန့်ရှင်းမှုလုပ်ငန်းများအား ကျန်ကာလမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ငွေလုံးငွေရင်းရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၁၂.၅၁၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀.၅၃၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၂၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၃၂၄.၃၆၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၉.၁၁၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂.၀၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ရေမီတာရောင်းချရငွေများ လျော့နည်း ရရှိခဲ့ခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဌာနမှဆောင်ရွက်သည့် လုပ်ငန်းများနှင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းပြီးစီးမှုအရ လုပ်ငန်းကုန်ကျငွေအား ထုတ်ယူပေးချေနိုင်မှုမရှိသေးခြင်း တို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

၁။ ပြည်ထောင်စုဌာန၊အဖွဲ့အစည်းအားလုံး၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃)လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြ အပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၀.၂၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၃၃.၇၄ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၉.၂၂ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှု ၉၄.၁၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိ ရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၆.၇၅ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၇.၁၂ ရာခိုင်နှုန်း၊ကြွေးမြီအသုံးစရိတ် ၁၂၈.၈၂ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၇၇.၀၄ ရာခိုင်နှုန်းဖြစ်ပါသည်။သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင်လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကိုပြည့်မီကျော်လွန်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါသည်။

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ရငွေ၊ သုံးငွေ များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရငွေပိုင်းတွင် သာမန်ရငွေများ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေများ လျာထားသည်ထက် လျော့နည်းရရှိသဖြင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများကို ပေးအပ်မည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းရာ၍ ဘဏ္ဍာရေးနှစ်အလိုက်ထည့်သွင်းလျာထားမှုကို ယခုထက်ပိုမိုနီးစပ်အောင် လျာထားသင့်ပါသည်။

၃။ သုံးငွေပိုင်းတွင် ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ အချို့ဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအလိုက်သာ ငွေပေးချေရခြင်း၊ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေဖြင့် သုံးစွဲသောအသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သာမန်အသုံးစရိတ်များ လျာထားချက်ထက် အနည်းငယ်သာလျော့နည်းသုံးစွဲထားပြီး ကြွေးမြီအသုံးစရိတ်များ လျာထားချက်ကို ပြည့်မီကျော်လွန်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် နှင့် အလားတူကာလဖြစ်သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ရငွေ၊သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ်နှင့်အလားတူကာလဖြစ်သော**
**၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်းအရ**
**အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ တတိယ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်း ရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | **ရငွေ** | **၄,၂၇၁,၇၄၂.၆၀၉** | **၄,၂၅၃,၄၀၈.၆၈၄** | **(-)၁၈,၃၃၃.၉၂၅** |
| | သာမန် | ၄,၂၆၇,၂၅၁.၃၅၇ | ၄,၀၀၇,၆၀၂.၅၉၀ | (-)၂၅၉,၆၄၈.၇၆၇ |
| | ငွေလုံးငွေရင်း | ၂၄,၁၉၆.၂၉၃ | ၂၄,၀၂၉.၄၃၄ | (-)၁၆၆.၈၅၉ |
| | ကြွေးမြီ | -၁၉,၇၀၅.၀၄၁ | ၂၂၁,၇၇၆.၆၆၀ | (+)၂၄၁,၄၈၁.၇၀၁ |
| (ခ) | **သုံးငွေ** | **၄,၃၃၆,၀၆၀.၆၃၈** | **၄,၈၂၀,၁၈၁.၀၅၄** | **(+)၄၈၄,၁၂၀.၄၁၆** |
| | သာမန် | ၃,၄၈၇,၇၈၆.၀၁၉ | ၄,၁၉၈,၆၁၃.၀၁၂ | (+)၇၁၀,၈၂၆.၉၉၃ |
| | ငွေလုံးငွေရင်း | ၇၅၂,၅၃၄.၀၄၆ | ၄၈၇,၀၄၀.၈၈၈ | (-)၂၆၅,၄၉၃.၁၅၈ |
| | ကြွေးမြီ | ၉၅,၇၄၀.၅၇၃ | ၁၃၄,၅၂၇.၁၅၄ | (+)၃၈,၇၈၆.၅၈၁ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၆၄,၃၁၈.၀၂၉ | (-)၅၆၆,၇၇၂.၃၇၀ | (-)၅၀၂,၄၅၄.၃၄၁ |

၅။ အထက်ပါဇယားအရ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ယာယီအမှန် စာရင်း စုစုပေါင်းရငွေသည် ကျပ် ၁၈,၃၃၃.၉၂၅ သန်း လျော့နည်းရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၄၈၄,၁၂၀.၄၁၆ သန်း ပိုမို သုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။